ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ချောင်းဆုံမြို့

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှု အစီအစဉ်



ရွာလွတ်ကျေးရွာအုပ်စု၊ရွာလွတ်ကျေးရွာ

# မာတိကာ


စဉ် အကြောင်းအရာ စာမျက်နှာ

၁။ ချောင်းဆုံမြို့နယ်ပြမြေပုံ.....3

၂။ ရွာလွတ်ကျေးရွာတည်နေရာပြမြေပုံ.....5

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း.....6

၄။ ကျေးရွာအခြေခံအချက်အလက်များ.....6

၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား.....7

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ.....9

၇။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ.....17

၈။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း.....20

၉။ ကျေးရွာအချက်အလက် (ပုံစံ-၁).....Error! Bookmark not defined.

၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂).....Error! Bookmark not defined.

၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃).....Error! Bookmark not defined.

၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄).....Error! Bookmark not defined.

၁၃။ အစည်းအဝေးမှတ်တမ်းများ.....Error! Bookmark not defined.

၁၄။ ကျေးရွာမှကြုံတွေ့နေရသည့်အခက်အခဲ အတားအဆီးများ.....22

၁၅။ ကျေးရွာများမှနောင်လာမည့် (၅) နှစ်အတွင်းမျှော်မှန်းထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ.....Error! Bookmark not defined.

၁၆။ ကျေးရွာများမှအဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ကူပြုသင်တန်းများ.....22


## ၁။ ချောင်းဆုံမြို့နယ်ပြမြေပုံ



MIMU
EUROPEAN COMMISSION
Humanitarian Aid
Myanmar Information Management Unit
Village Tracts of Chaungzon Township
Mon State
PAUNG
N
Mawlamyine
CHAUNGZON
MAWLAMYINE
MUDON
Chaungzon
Da Yei
Ka Lwi
Taw Ka Nar
Taung Sun
Daung Yat (West)
Daung Yet (East)
Ka Mar Mo
Mu Du
Nyaung Lan
Kawt Mu Pun
Ka Hnyaw
Kun Yaik
Ywar Lut
Boe Net
Hnee Hmoke
Ka Ma Nin
Ka Lawt
Thet Kaw
Mu Kwe
Saw Ke
Nat Hmaw
Taw Pun
Kayin Win Sein
Kha Yaik Thit
Mu Yit Gyi
Ku Lar Toet
Kun Thea
Ta Ku Pa Ti
Ma Yan
Zee Kone
Hpan Hpa
Ku Lar Bi
Wei Lan
Ka Yaik Du
Mu Yit Kalay
Se Pa Lar
Kawt Ka Daik
Hin Thar Kyun
Ka Mar Kay
Ah Bit
Kha Yaik Hnee Hu
Kun Hlar
Kayin
Yangon
Mon
Kilometers
0 2 4 8
Map ID: MIMU250v01
Creation Date: 19 December 2011. A3
Projection/Datum: Geographic/WGS84
Map produced by the MIMU - info.mimu@undp.org
Website : http://www.themimu.info
State Capital
Main Town
Other Town
Road
River and Stream
Township Boundary
District Boundary
State Boundary
Village Tract Area
Water Body
Data Sources :
BASE MAP - MIMU
Boundaries - WFP/MIMU/UNICEF
Place names - Ministry of Home Affair
(GAD) translated by MIMU
Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
(ရွာလွတ်ကျေးရွာအုပ်စု၊ရွာလွတ်ကျေးရွာ)

## ၂။ ရွာလွတ်ကျေးရွာတည်နေရာပြမြေပုံ



## ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် |
|---|---|
| ရွာလွတ်ကျေးရွာအုပ်စု | ရွာလွတ်ကျေးရွာ |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

ကျေးရွာအမည် - ရွာလွတ်ကုန်းကျေးရွာ

ကျေးရွာအုပ်စုအမည် - ရွာလွတ်ကျေးရွာအုပ်စု

လူဦးရေ - ကျား - ၃၅၄၆၊ မ - ၃၅၇၃၊ စုစုပေါင်း - ၇၁၁၉ ဦး

အိမ်ထောင်စု - ၁၂၁၅စု

ကျန်းမာရေးဆေးပေးခန်း - မရှိ

ပညာရေးအဆောက်အဦး - မူကြို (၁)၊ မူလတန်း (၁)၊ အထက်တန်း (၁)

လူမှုရေးအဆောက်အဦး - ဘုန်းကြီးကျောင်း၊ စေတီ

အဓိက စီးပွားရေးလုပ်ငန်း - လယ်ယာ၊ မွေးမြူရေး၊ ကျဘမ်း

အဓိက ပိုင်ဆိုင်မှု - လယ်၊ ဥယျာဉ်


## ၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၁ | ကျေးရွာလူမှုရေးပြ သယံဇာတပြမြေပုံ၊ (Social Map, Resources Map) | 12.10.2017 | ကျေးရွာလူထု | 28 | 7 | 103 | - ကျေးရွာ၏အဓိကသွင်ပြင်လက္ခဏာများကိုဆွေးနွေးခြင်း၊ ကျေးရွာအတွင်းတည်ရှိနေသည့် အရင်းအမြစ်များ၊ အခြေခံအဆောက်ဦးများနှင့် ဝန်ဆောင်မှုများကိုဆွေးနွေးခြင်း<br>- ၎င်းအခြေခံအဆောက်အဦးများ၏အခြေအနေများကို ဆွေးနွေး ခြင်း၊ (ရပ်ရွာဖွံ့ဖြိုးရေးအတွက် ပြုပြင်ရန်နှင့် အသစ်ဆောက်လုပ်ရန်လိုအပ်ချက်များကို ဆွေးနွေးခြင်း) |
| ၂ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း။ (Wealth Ranking) | 12.10.2017 | ကျေးရွာလူထု | 28 | 7 | 103 | - ကျေးရွာအတွင်းနေထိုင်သူ အိမ်ထောင်စု/ အုပ်စုများ၏ ဝင်ငွေ များ၊ ဥစ္စာခေန ကြွယ်ဝမှုများ၊ ပိုင် ဆိုင်မှုများနှင့် အခြေအနေများ ကို ဆွေးနွေးသုံးသပ်ခြင်း။<br>- ကျေးရွာလူထုများ၏ အသက်မွေးဝမ်းကြောင်းမှုလုပ်ငန်းအခြေ အနေ၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကြုံတွေ့နေရသည့် အားနည်းချက်များ၊ အဟန့်အတားများကို ရှာဖွေဖော်ထုတ် ခြင်း။<br>- အိမ်ထောင်စုများ/အုပ်စုများ၏ စီးပွားရေး၊ လူမှုရေးအခြေအနေများကိုလေ့လာဖော်ထုတ်ခြင်း။ |
| ၃ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | 12.10.2017 | ကျေးရွာလူထု | 28 | 7 | 103 | - ကျေးရွာအတွင်းနေထိုင်သူများ တစ်နှစ်ပတ်လုံးအတိုင်းအတာ အတွင်း ရာသီအလိုက် လုပ်ငန်း ဆောင်တာများ၊ အသက်မွေး ဝမ်းကြောင်းမှု အပြောင်းအလဲ များကိုဆွေးနွေးခြင်း။<br>- အစာရေစာရရှိနိုင်မှု၊ ကျန်းမာရေးပြဿနာများ၊ အိမ်ထောင်စုများအတွင်း တစ်နှစ်ပတ်လုံး အတိုင်းအတာဖြင့် ကြုံတွေ့နေ ရသည့် မတူညီသည့် အခက်အ ခဲများကို ဆွေးနွေးခြင်း။<br>- အချိန်အပိုင်းခြားအလိုက် အခက်အခဲနှင့် အခွင့်အလမ်းများကိုဆွေးနွေးခြင်း။ |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၄ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | 13.10.2017 | ကျေးရွာလူထု | 30 | 75 | 105 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စီမံကိန်းများကို လုပ်ဆောင်နေသည့် ရွာအတွင်း ရွာပြင်ပရှိအဖွဲ့အစည်းများကို သိရှိနားလည်စေရန်နှင့် ၄င်းအဖွဲ့အစည်းများ၏အားဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ချိတ်ဆက်လုပ်ဆောင်နိုင်စေရန်ဆွေးနွေး ခြင်း။ |
| ၅ | ပင့်ကူအိမ်သုံးသပ်ခြင်း (Spider Web) | 13.10.2017 | ကျေးရွာလူထု | 30 | 75 | 105 | - ကျေးရွာအတွင်းရှိ အမျိုးသမီး၊ အမျိုးသားများ၏ အခန်းကဏ္ဍကိုသိရှိနိုင်ရန်နှင့် ၄င်းတို့ကိုယ်တိုင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရာတွင်ကြုံတွေ့နေသည့် အားနည်းချက်များ၊ ဆိုးကျိုးများကိုသိရှိနားလည်စေရန်။ |
| ၆ | ကျေးရွာ၏ဖွံ့ဖြိုးရေး အစီအစဉ်များရေးဆွဲခြင်း (Village Development Visioning) | 13.10.2017 | ကျေးရွာလူထု | 30 | 75 | 105 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်မည့်လုပ်ငန်းစဉ်များအား (၅) နှစ်စာအတွက် အမျိုးသား/အမျိုးသမီးအုပ်စုများဖြင့် ဆွေးနွေးချမှတ်ခြင်း။ |
| ၇ | ကျေးရွာ၏ဖွံ့ဖြိုးရေး ဦးစားပေးလုပ်ငန်းများအဆင့်သတ်မှတ်ခြင်း (Village Development Priorities) | 13.10.2017 | ကျေးရွာလူထု | 30 | 75 | 105 | - ယခုနှစ်လုပ်ငန်းအကောင်အထည်ဖော်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအား အမျိုးသား/အမျိုးသမီးများအပါဝင် ကျေးရွာလူထုတစ်ရပ်လုံးဖြင့် အစဉ်လိုက် ဦးစားပေးသတ်မှတ်ခြင်း။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### ၆.၁ အရင်းအမြစ်ပြမြေပုံ



ရွာလွတ်**ကျေးရွာ၏ လူမှုရေးနှင့်အရင်းမြစ်ပြမြေပုံ သုံးသပ်ချက်**

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ရွာလွတ်ကျေးရွာအုပ်စု၊ ရွာလွတ်ကျေးရွာတွင် အိမ်ထောင်စု စုစုပေါင်း (၁၂၁၅) စုရှိပြီး လူဦးရေစုစုပေါင်း (၇၁၁၉) ဦးနေထိုင်သည်။ မွန်လူမျိုးနှင့် ဗမာလူမျိုးများနေထိုင် ကြပြီး ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။ ကျေးရွာ၏အဓိကစီးပွားရေးအဖြစ် လယ်ယာလုပ်ငန်းနှင့် မွေး မြူရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပြီး ကျဘမ်းလုပ်ငန်းလုပ်ကိုင်ကြသူများလည်း ရှိသည်။ အချို့မှာ ကိုယ်ပိုင်လယ်ယာမြေများ ပိုင်ဆိုင်ကြသော်လည်း အချို့တွင်မရှိကြပေ။ အချို့မှာပြည်ပသို့ သွားရောက် အလုပ်လုပ်ကိုင်ကြသည်။ ကျေးရွာတွင် ဘာသာရေးအဆောက်အဦအနေဖြင့် ဘုန်းတော်ကြီးကျောင်း (၆) ကျောင်းရှိသည်။

ကျေးရွာအတွင်းယခုအချိန်တွင် ရွာအတွင်းအဓိကလမ်းမကြီးအား ကျေးလက်ဦးစီးရုံပုံငွေဖြင့် ရေတွင်းကုန်းကျေးရွာအထိ ကတ္တရာခင်းပြီးဖြစ်သည်။ လူထုဗဟိုပြုစီမံကိန်းဒုတိယနှစ်စက်ဝန်းရံပုံငွေ ဖြင့်လည်း လျှပ်စစ်မီးကြိုးသွယ်တန်းထားပြီးဖြစ်ပါသည်။


ကျေးရွာ၏ ရွာဦးပိုင်းတွင် ဆုတောင်းပြည့်စေတီရှိပြီး၊ ရွာလယ်ပိုင်းတွင် အုပ်ချုပ်ရေးမှူးရုံး၊ ဘုန်းတော်ကြီးကျောင်းနှင့် စေတီအပြင် ရွာလယ်မှ တောင်ဘက်တွင် ဘုန်းတော်ကြီးကျောင်း၊ စေတီ၊ ဓမ္မာရုံနှင့် ရေကန်ရှိသည်။ ပုညကာရီလှာကျောင်းတည်ရှိပြီး၊ ရွာလယ်၏မြောက်ဘက်တွင် သောက်ရေကန် (၂) ကန်အပြင် ရွာ၏အနောက်မြောက်ဘက်တွင် သောက်ရေကန်များရှိသည်။

ရွာလွတ်ကျေးရွာ၏ အနောက်တောင်ဘက် အ.ထ.က နှင့်မူကြိုကျောင်းရှိသသည်။ ၄င်း အ.

ရွာအတွင်းလမ်းများမှာ ကတ္တရာလမ်း၊ ကွန်ကရစ်လမ်းနှင့် မြေနီလမ်းများဖြစ်ကြပြီး လမ်းပန်း ဆက်သွယ်ရေးမှာ ကောင်းမွန်လာပြီဖြစ်သော်လည်း ကွန်ကရစ်လမ်းနှင့် ကတ္တရာလမ်းအဖြစ် အဆင့် မြှင့်တင်ရန် မြေသားလမ်းများရှိနေသေးသည်။ ထို့အပြင် ရေကန်များတူးဖော်ထားခြင်းရှိသော်လည်း နွေရာသီရောက်တိုင်းသောက်သုံးရေရှားပါးမှုများရှိနေသေးသည်ဟု သိရသည်။

အချုပ်အားဖြင့် ခရိုက်ဒူးကျေးရွာအနေဖြင့် အများပြည်သူများ အသုံးပြုကာအကျိုးခံစားခွင့်ရရှိ နိုင်သည့် အခြေခံအဆောက်အဦများ အတော်အသင့်ပြည့်စုံနေပြီဖြစ်ပြီး လိုအပ်ချက်အနည်းငယ်သာ ရှိတော့သည်ကို တွေ့ရသည်။

## ၆.၂ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက်အဖွဲ့စည်းအချင်းချင်းချိတ်ဆက်မှုပြဇယားချပ်



**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်**
**(ရွာလွတ်ကျေးရွာအုပ်စု၊ရွာလွတ်ကျေးရွာ)**

ရွာလွတ်**ကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံသုံးသပ်ချက်**

ရွာလွတ်ကျေးရွာအုပ်စု၊ ရွာလွတ်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ကိုင်နေကြသည့် အဖွဲ့အစည်းများမှာ အောက်ပါအတိုင်းဖြစ်ကြောင်းသိရသည်။

၁။ ရပ်ရွာအုပ်ချုပ်ရေးအဖွဲ့

၂။ ကျေးလက်ဦးစီးဌာန

၃။ လူထုဗဟိုပြုစီမံကိန်း

၄။ နာရေးကူညီမှုအသင်း

၅။ သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးအဖွဲ့


၆။ အရံမီးသတ်

၇။ မိခင်နှင့်ကလေး

၈။ အမျိုးသမီးရေးရာအဖွဲ့ တို့ဖြစ်သည်။

ဖော်ပြပါအဖွဲ့အစည်းများသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ကိုင်နေကြသော်လည်း အချင်းအချင်းချိတ်ဆက်လုပ်ဆောင်မှုအားနည်းနေသည်ကို တွေ့ရသည်။ ၎င်းအပြင် သက်ဆိုင်ရာအဖွဲ့အစည်းတစ်ခုချင်းစီအနေဖြင့်လည်း ရံပုံငွေမရှိခြင်း၊ တိကျသော တာဝန်၊ ဝတ္တရားများသတ်မှတ်ထားရှိမှုမရှိသေးခြင်းတို့အပြင် ကျေးရွာဖွံ့ဖြိုးရေးအတွက် ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များတိကျစွာချမှတ်ထားခြင်းများ မရှိသေးသည်ကိုတွေ့ရသည်။ သို့ဖြစ်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းလုပ်ဆောင်ရာတွင် ထိရောက်မှုအားနည်းပြီး နှောင့်နှေးနေမှုများရှိနေသည်ကို သိရှိရပါသည်။

## ၆.၃ ဓနအင်အားအဆင့်သတ်မှတ်ခြင်း



ဓနအင်အားအဆင့်သတ်မှတ်ခြင်း

| အဆင့် | စံသတ်မှတ်ချက် | အိမ်ထောင်စု |
|---|---|---|
| ချမ်းသာ | ပျဉ်ထောင်အိမ်၊ တိုက်အိမ် သွပ်မိုး၊ လယ်ဧက(၃၀)၊ ထွန်စက်ယာဉ်ကား၊ [illegible] | ၂၀% |
| အသင့်တင့် | ပျဉ်ထောင်အိမ်၊ လယ်ဧက (၅)ဧက၊ [illegible] | ၃၀% |
| လက်လုပ်လက်စား | ဓနိအိမ်၊ [illegible] ကျွဲ၊ [illegible] | ၅၀% |


ရွာလွတ်**ကျေးရွာ၏ ဓနအင်အားအဆင့်သတ်မှတ်ခြင်းသုံးသပ်ချက်**

ရွာလွတ်ကျေးရွာအုပ်စု၊ ရွာလွတ်ကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ ဥယျာဉ်ခြံလုပ်ငန်းဖြစ်ပြီး ကျဘမ်းလုပ်ငန်းကို လုပ်ကိုင်ကြသူများနှင့် အခြားနိုင်ငံများတွင် သွားရောက်လုပ်ကိုင်ကြသူများလည်း အနည်းငယ်ရှိသည်ဟုသိရသည်။

ကျေးရွာအတွင်းရှိ အိမ်ခြေစုစုပေါင်း၏ (၅၀%) ခန့်မှာ ချမ်းသာသည့်အိမ်ထောင်စုများဖြစ်ပြီး (၅၀%) ခန့်သော အိမ်ထောင်စုမှာ အသင့်တင့်ပြေလည်ကြသည်။ အိမ်ထောင်စု စုစုပေါင်း (၀%) ခန့်မှာ လက်လုပ်လက်စားများဖြစ်ပြီး နွမ်းပါးကြသည်။

ငှင်းကဲ့သို့ဖြစ် ရခြင်းမှာ ဥယျာဉ်ခြံအဓိကအသက်မွေးဝမ်းကြောင်း ပြုနေကြသော်လည်း လယ်ယာမြေ ပိုင်ဆိုင်ကြသူများနည်းပါးခြင်း၊ ခေတ်မှီစိုက်ပျိုးရေးနည်းစနစ်များ၊ စိုက်ပျိုးရေးစက်ကိရိယာများ အသုံး မပြုနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများရှားပါးခြင်း၊ ပညာတတ်မြောက်မှုနည်းပါးခြင်း၊ အသက် မွေးဝမ်းကြောင်းမှု အတတ်ပညာများတတ်မြောက်မှုနည်းပါးခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုနောင့်နှေးနေသေးခြင်း တို့ကြောင့်ဖြစ်ကြောင်း သိရပါသည်။

## ၆.၄ ပင့်ကူအိမ်သုံးသပ်ခြင်း



ရွာလွတ်**ကျေးရွာပင့်ကူအိမ်သုံးသပ်ခြင်း**

ရွာလွတ်ကျေးရွာ၏ ပင့်ကူအိမ်သုံးသပ်ချက်ကို အဆင့် (၁၀) ဆင့် အချက် (၁၀) ချက်ဖြင့် သုံးသပ်ဆွေးနွေးခဲ့ပါသည်။

**အိမ်မှုကိစ္စ**

အိမ်မှုကိစ္စရပ်များတွင် အမျိုးသမီးများမှသာ ဦးဆောင်နေသည်ကို တွေ့ရသည်။ အကြောင်းမှာ အိမ်မှုကိစ္စရပ်များအား အစဉ်အလာအရ အမျိုးသမီးများနှင့်သာ သက်ဆိုင်သည်ဟု ခံယူထားကြပြီး အမျိုးသမီးများမှသာ ဦးဆောင်ရွက်ပြုကာလုပ်ကိုင်နေကြသောကြောင့်ဖြစ်သည်။

**ပစ္စည်းဥစ္စာပိုင်ဆိုင်မှု**

၄င်းကဏ္ဍတွင် အမျိုးသား/သမီးခွဲခြားထားမှုမရှိဘဲ ရှာဖွေစုဆောင်းရာမှရရှိလာသည့်ဥစ္စာပစ္စည်း များအား အတူတကွပိုင်ဆိုင်ပြီးထိန်းချုပ်သုံးစွဲမှုများရှိသည်။

**အလုပ်အကိုင်အခွင့်အလမ်း**

အလုပ်အကိုင်အခွင့်အလမ်းတွင် အမျိုးသားများသည် အမျိုးသမီးများထက်ပို၍ အခွင့်အရေးများ ကြောင်းတွေ့ရသည်။ အကြောင်းမှာ အမျိုးသမီးများသည် အိမ်မှုကိစ္စရပ်များတွင်သာ အချိန်ပြည့်နီးပါး လုပ်ကိုင်နေရခြင်း၊ ရှိနှင့်နေပြီးသော အခွင့်အလမ်းများမှာလည်း များသောအားဖြင့် အမျိုးသားများကို သာအားထားနေခြင်းအပြင် လုပ်ခလစာရရှိမှုတွင်လည်း အမျိုးသမီးများထက်စာလျှင် အမျိုးသားများက ပိုမိုရရှိခြင်းတို့ကြောင့် အမျိုးသားများမှာ အမျိုးသမီးများထက်ပိုမို၍ အလုပ်အကိုင်အခွင့်လမ်း ရရှိနေကြ သည်ဟု သုံးသပ်ရပါသည်။

**ဝင်ငွေရရှိမှု**

ဝင်ငွေရရှိမှုအပိုင်းသည် အလုပ်အကိုင်အခွင့်အလမ်းနှင့် တိုက်ရိုက်အချိုးကျမှုရှိနေသည်ကို တွေ့ရသည်။ အမျိုးသားများသည် အလုပ်အကိုင်အခွင့်အလမ်းတွင် အမျိုးသမီးများထက်ပိုမိုနေသော ကြောင့် ဝင်ငွေရရှိမှုအပိုင်းတွင်လည်း အမျိုးသားများကသာ အမျိုးသမီးများထက်ပိုမိုသည်။ လုပ်အား အတွက် အချိန်ပေးမှုမှာ အမျိုးသားများနှင့် အမျိုးသမီးများတန်းတူဖြစ်သော်လည်း လုပ်ငန်းအားလုံး နီးပါးတွင် လုပ်ခလစာပေးချေမှုမှာ အမျိုးသမီးများထက်စာလျှင် အမျိုးသားများက ပိုမိုရရှိခြင်းကြောင့် လည်း ဝင်ငွေရရှိမှုအပိုင်းတွင် အမျိုးသားများက ပိုသည်ကိုတွေ့ရသည်။

**လုံခြုံမှု**

ဘဝလုံခြုံမှုအပိုင်းကိုလေ့လာရာတွင်လည်း အမျိုးသားများမှပိုမိုမြင့်မားသည်ကို တွေ့ရသည်။ လေ့လာသုံးသပ်ချက်အရ အမျိုးသမီးများ ဘဝလုံခြုံမှုအပိုင်းတွင် နိမ့်ကျနေခြင်းမှာ ပတ်ဝန်းကျင် ပယောဂများကြောင့်မဟုတ်ဘဲ ၎င်းတို့၏စိတ်ပိုင်းဆိုင်ရာကြောင့်သာ လုံခြုံမှုနည်းသည်ဟု ခံစားရခြင်း ဖြစ်ကြောင်းသိရှိရသည်။

**ဦးဆောင်မှု**

ဦးဆောင်မှုအပိုင်းတွင်လည်း အမျိုးသားများမှာ အမျိုးသမီးများထက် မြင့်မားနေသည်ကိုတွေ့ရ သည်။ အကြောင်းမှာ အစဉ်အဆက်ကတည်းက အမျိုးသားများအား အိမ်ထောင်ဦးစီးများအဖြစ် သတ်မှတ်ထားခြင်းခံရပြီး အိမ်၏အရေးအရာများအား ဦးဆောင်ကာ ဆုံးဖြတ်နေကြခြင်းနှင့် အမျိုးသမီး အများစုမှာ အိမ်အတွင်းတွင်သာအနေများခြင်းကြောင့် ဖြစ်ကြောင်းသိရသည်။


**ပညာသင်ကြားခွင့်**

ပညာသင်ကြားခွင့်တွင် အမျိုးသမီးများမှ အမျိုးသားများထက် သာလွန်သည်။ အကြောင်းမှာ စားဝတ်နေရေးအခက်အခဲ၊ စီးပွားရေးအခက်အခဲများကြောင့် အမျိုးသားများမှာ အရွယ်မတိုင်ခင် ကျောင်းထွက်ရပြီး စီးပွားရေးအတွက် လုပ်ငန်းခွင်ဝင်နေကြရခြင်းကြောင့် ဖြစ်ကြောင်းသိရသည်။

**ရပ်ရွာအရေးကိစ္စများတွင် ဆုံးဖြတ်ချက်ချပိုင်ခွင့်**

ငှင်းကဏ္ဍတွင် အမျိုးသားများမှ ဦးဆောင်မှုနှင့်ထိန်းချုပ်ထားမှုမှာ အမျိုးသမီးများထက်သာလွန်သည်ကိုတွေ့ရသည်။ အကြောင်းမှာ အမျိုးသားအများစုအား အိမ်ထောင်ဦးစီးများအဖြစ်သတ်မှတ် ထားခြင်း၊ အချို့သောအမျိုးသမီးအများစုမှာ အမျိုးသားအပေါ်တွင်သာမှီခိုအားထားပြုနေကြခြင်း တို့ကြောင့် ငှင်းကဏ္ဍတို့တွင် အမျိုးသားများမှသာလွန်နေကြောင်း သိရပါသည်။

**၆.၅ ရာသီခွင်ပြဇယား**



ရွာလွတ်**ကျေးရွာရာသီခွင်ပြဇယား သုံးသပ်ချက်**


ရွာလွတ်းကျေးရွာအုပ်စု၊ ရွာလွတ်ကျေးရွာ၏ ရာသီဥတုအခြေအနေမှာ တပို့တွဲ၊ တပေါင်း၊ တန်ခူးနှင့် ကဆုန်လများတွင် အလွန်ပူပြင်းပြီး နယုန်၊ ဝါဆိုသလင်း၊ သီတင်းကျွတ်လများတွင် မိုးအနည်းငယ်ရွာသွန်းမှုများရှိသဖြင့် ပူအိုက်စွတ်စိုသောရာသီဥတုမျိုးဖြစ်သည်။ ဝါဆို၊ ဝါခေါင်လများတွင်

မိုးသည်ထန်ပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်တတ်သည်။ တန်ဆောင်မုန်း၊ နတ်တော်နှင့် ပြာသိုလများတွင်ဆီးနှင်းများ အနည်းငယ်ကျပြီး ချမ်းအေးသည်။

ရွာလွတ်ကျေးရွာသည် လယ်ယာလုပ်ငန်းကိုအဓိကလုပ်ကိုင် အသက်မွေးဝမ်းကြောင်းမှု ပြုကြပြီးကျေးရွာအတွင်းရှိ အိမ်ထောင်စုအားလုံးနီးပါးသည် ကဆုန်၊ နယုန်လများတွင်ထွန်ယက်စိုက်ပျိုးကြသည်။ ရာသီဥတုဖောက်ပြန်ပြီး ရေကြီးမှုများဖြစ်ပေါ်တတ်သည့်နှစ်များတွင် အသီးအနှံများပျက်စီးသဖြင့် ၄င်းနှစ်များတွင် စီးပွားရေးကျပ်တည်းပြီး စားဝတ်နေရေးခက်ခဲသည်။ စပါးစိုက်ပျိုးသည့်ရာသီမှလွဲ၍ ကျန်သည့်လများတွင် ကျဘမ်းလုပ်ငန်းများဖြင့်သာ ဝမ်းကြောင်းကျရကြောင်းသိရသည်။ ကျေးရွာ အနေဖြင့် စပါးပေါ်သောကာလတွင်သာ ဝင်ငွေများပြီး ကျန်သောလများတွင်ဝင်ငွေအခက်အခဲရှိသည်။ ပြာသိုလ၊ တပို့တွဲလများနှင့် တန်ခူးလတို့တွင် ကျေးရွာဓလေ့ပွဲတော်များ နှစ်စဉ်ကျင်းပလေ့ရှိသည်။ ကဆုန်လ၊ နယုန်လနှင့်တပို့တွဲလများတွင် ရာသီဥတုအပြောင်းအလဲကြောင့် ဖျားနာမှုများဖြစ်ပွားသည်။

စပါးစိုက်ပျိုးသည့် ကဆုန်၊ နယုန်လများနှင့် ကျေးရွာဓလေ့ပွဲတော်များပုံမှန်ကျင်းပပြုလုပ်လေ့ရှိသည့် ပြာသို၊ တပို့တွဲလနှင့် တန်ခူးလတို့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်မည်ဆိုပါက ကျေးရွာလူထုများ မအားလပ်သဖြင့် လူထုပူးပေါင်းပါဝင်မှု အပြည့်အဝရနိုင်မည်မဟုတ်ပေ။

### ၆.၆ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှု




ရွာလွတ်**ကျေးရွာပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှု သုံးသပ်ချက်**

ရှာလွတ်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အဓိကကျသော အခြေခံအဆောက်အဦး အများအပြားလိုအပ်ချက်ရှိနေသေးသည်ကိုတွေ့ရသည်။ ရပ်ရွာအရေးတွင်ပါဝင်ခွင့်၊ ဆုံးဖြတ်ချက်ချပိုင်ခွင့်နှင့် အရင်းအမြစ်များကို ထိန်းချုပ်မှုအပိုင်းတွင် အမျိုးသားများမှ ပိုမိုဦးဆောင်နေသည်ကိုတွေ့ရ သော်လည်း ရှိရင်းစွဲအခြေခံအဆောက်အဦးများ၊ အရင်းအမြစ်များ သုံးစွဲမှုတွင်မူ အမျိုးသား/အမျိုးသမီး များတန်းတူသုံးစွဲမှုများရှိနေသည်ကို တွေ့ရပါသည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ





## ၈။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | ကျေးရွာအုပ်စု | ကျေးရွာ | ဖွဲ့စည်းသည့်ရက်စွဲ | ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအမည် | ရာထူး |
|---|---|---|---|---|---|
| ၁ | ရွာလွတ် | ရွာလွတ် | ၁၃- ၇ -၂၀၂၃ | ဦးတင်မောင် | ဥက္ကဋ္ဌ |
| ၂ | | | | ဦးအောင်မင်းလွင် | အတွင်းရေးမှူး |
| ၃ | | | | ဦးမြင့်အောင် | ဥက္ကဋ္ဌ |
| ၄ | | | | ဦးတင်လှ | ဘဏ္ဍာရေးမှူး |
| ၅ | | | | ဦးမင်းဦး | စာရင်းကိုင် |
| ၆ | | | | ဦးကြည်စိုးဦး | အဖွဲ့ဝင် |
| ၇ | | | | ဦးအေးချို | အဖွဲ့ဝင် |
| ၈ | | | | ဒေါ်အေးချို | အဖွဲ့ဝင် |
| ၉ | | | | ဒေါ်ထွေးလှိုင် | အဖွဲ့ဝင် |
| ၁၀ | | | | ဦးစိုးသီဟ | အဖွဲ့ဝင် |
| ၁၁ | | | | ဦးနိုင်ထွန်း | အဖွဲ့ဝင် |
| | စုစုပေါင်း | | | (၁၁)ဦး | |

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
(ရွာလွတ်ကျေးရွာအုပ်စု၊ရွာလွတ်ကျေးရွာ)

## ၁၄။ ကျေးရွာမှကြုံတွေ့နေရသည့်အခက်အခဲ အတားအဆီးများ

| စဉ် | အဆိုပြုသူ | အခက်အခဲ၊ အတားအဆီးများ |
|---|---|---|
| ၁ | ကျား/မ | ကွန်ကရစ်လမ်းခင်းခြင်း |
| | | |
| | | |
| | | |

## ၁၆။ ကျေးရွာများမှအဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ကူပြုသင်တန်းများ

လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထောက်အကူပြုနိုင်မည့် ရပ်ရွာလူထုမှ လိုအပ်ချက် ရှိနေသော အသက်မွေးဝမ်းကျောင်း သင်တန်းများအားဆွေးနွေးရာတွင် အောက်ဖော်ပြပါ သင်တန်းများအား ရပ်ရွာလူထု တစ်ရပ်လုံးမှ အဆိုပြုတင်ပြခဲ့ပါသည်။

| | အဆင့် | လုပ်ငန်းအမည် | အဆိုပြုသူ | ကျေးရွာမှတာဝန်ခံ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့မလဲ |
|---|---|---|---|---|---|
| အသက်မွေးဝမ်းကျောင်း သင်တန်းများ | ၁ | စက်ချုပ်သင်တန်း | မ | | |
| | ၂ | ပန်းရံ/လက်သမားသင်တန်း | ကျား | | |
| | ၃ | မုန့်လုပ်နည်းသင်တန်း | မ | | |
| | ၄ | သိုးမွေး/ ဇာထိုး/ ပန်းထိုးသင်တန်း | မ | | |
| | ၅ | ဒီဇိုင်နာသင်တန်း | မ | | |

တစ်နိုင်တစ်ပိုင် ဝင်ငွေတိုးလုပ်ငန်းများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ရရှိပြီးပါကလည်း ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် အရင်းအနှီး မတည်ငွေအတွက် အခက်အခဲရှိနိုင်သေးကြောင်း နှင့် အချို့မှာလည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရန်အတွက် အဖွဲ့အစည်းများအချင်းချင်း ချိတ်ဆက်လုပ်ဆောင်ပေးခြင်းများ၊ အလုပ်အကိုင် အခွင့်အလမ်းအသစ်များ ဖန်တီးပေးမှုများ လိုအပ်နေသေးသည်ကို လေ့လာသုံးသပ်ရပါသည်။